# အောင်သစ္စာဦး အာမခံကုမ္ပဏီ လီမိတက်

## ကိုယ်အင်္ဂါထိခိုက်မှုအာမခံပေါ်လစီ

ပေါ်လစီအမှတ် -

အာမခံထားသူအမည် အဘအမည်

နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ်

အလုပ်အကိုင်

နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်

---

အာမခံထားငွေ ကျပ်/ US$ ( ကျပ်/ US$ တိတိ )

ပရီမီယံ ကျပ်/ US$ ( ကျပ်/ US$ တိတိ )

အာမခံသက်တမ်း မှ ရက် ည ၁၂ နာရီအထိ ( ၁၂ ) လ

---

အကျိုးခံစားခွင့်လွှဲပြောင်းခြင်းခံရသူ

နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ် -

အသက်နှင့်မွေးသက္ကရာဇ်

တော်စပ်ပုံ

နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်

---

ကိုယ်စားလှယ်အမည်နှင့် ကိုယ်စားလှယ်အမှတ် -

---

အာမခံထားသူပေးသွင်းသော ပရီမီယံကို အကြောင်းပြု၍ အာမခံထားသူသည် အာမခံသက်တမ်းအတွင်း သိသာမြင်သာပြီး ပြင်းထန်သည့် အပြင်ပန်းအကြောင်းများအရ ဖြစ်ပွားသော မတော်တဆထိခိုက်မှုကြောင့် ဒဏ်ရာရခြင်း၊ ထာဝစဉ်မစွမ်းမသန်ဖြစ်ခြင်း၊ သေဆုံးခြင်းစသည်များအတွက် ပူးတွဲဖော်ပြထားသည့် အကျိုးခံစားခွင့်( များ ) ကို ပူးတွဲပါ ပေါ်လစီစည်းမျဉ်းများ၊ နောင်ပြုလုပ်ကောင်းပြုလုပ်မည့် ပြင်ဆင်ချက်များနှင့်အညီ အာမခံထားသူ သို့မဟုတ် အကျိုးခံစားခွင့်လွှဲပြောင်းခြင်းခံရသူသို့ပေးလျော်ရန် ဤအာမခံကုမ္ပဏီက တာဝန်ယူကတိပြုပါသည်။

တာဝန်ခံလက်မှတ်

အမည်

ရက်စွဲ

## ကိုယ်အင်္ဂါထိခိုက်မှုအာမခံ

## ပေါ်လစီစည်းမျဉ်းများ

၁။ အောက်ပါအဖြစ်အပျက်များနှင့်အကြောင်းအရာများကြောင့်လည်းကောင်း၊ အကျိုးဆက်များကြောင့်လည်းကောင်းဖြစ်ပေါ်သည့် သေဆုံးခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် ဒဏ်ရာရခြင်းစသည်များမှာ ဤအာမခံ၌အကျုံးမဝင်ပါ။

(က) ကြိုတင်ကြံရွယ်ချက်ဖြင့် မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်စေခြင်း၊ မစွမ်းမသန်ဖြစ်စေခြင်းနှင့် သေဆုံးစေခြင်း။

(ခ) မူးယစ်စေတတ်သောဆေးဝါး သုံးစွဲထားစဉ် ( သို့ ) သုံးစွဲခြင်းကြောင့် ဒဏ်ရာအနာတရဖြစ်ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(ဂ) ရောဂါကြောင့်သေဆုံးခြင်း၊ မစွမ်းမသန်ဖြစ်ခြင်း။

(ဃ) စစ်ဖြစ်ပွားခြင်း ( စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ )၊ စစ်အသွင်တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ် ( သို့ ) လူထုအုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ စစ်တပ်အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း ( သို့ ) သိမ်းပိုက်ထားခြင်း၊ ပြည်တွင်းဆူပူသောင်းကျန်းခြင်း၊ ၄င်းတို့ကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ ( သို့ ) ၄င်းတို့၏အကျိုးဆက်များကြောင့် ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(င) ရာဇဝတ်မှု ကျူးလွန်ရာမှ ဒဏ်ရာအနာတရဖြစ်ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(စ) သူတစ်ပါး၏လက်ချက်ကြောင့်ဖြစ်စေ၊ သူတစ်ပါး၏ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်စေ၊ ယင်းနှင့် စပ်လျဉ်း၍ဖြစ်စေ ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

၂။ မတော်တဆထိခိုက်မှုဖြစ်ပွားပြီးနောက် ၃ လ ကျော်လွန်ပြီး ၄ လ မတိုင်မီ ဖြစ်ပေါ်သောဒဏ်ရာရခြင်း၊မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများမှာ အဆိုပါ မတော်တဆဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း ခိုင်လုံစွာ သက်သေပြနိုင်မှသာ ၄င်းတို့သည် ဤအာမခံ၌ အကျုံးဝင်မည်ဖြစ်သည်။

၃။ အကျိုးခံစားခွင့်တောင်းခံမည့် အဖြစ်အပျက် တစ်စုံတစ်ရာဖြစ်ပေါ်ပါက အချက်အလက်အပြည့်အစုံနှင့်တကွ ဤကုမ္ပဏီသို့ ၁၄ ရက်အတွင်း အကြောင်းကြားရမည်။ သတ်မှတ်ထားသော တောင်းခံလွှာဖြင့် လိုအပ်သောအထောက်အထားများ ပူးတွဲ၍ တောင်းခံရမည်။

၄။ ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများအတွက် ကုမ္ပဏီ၏ဆရာဝန်များက အလောင်းကို ခွဲစိတ်စစ်ဆေးခြင်း
( Post - mortem Examination ) အပါအဝင်လိုအပ်သလို စစ်ဆေးမည်။

၅။ ဤကုမ္ပဏီကဤအာမခံကို ဖျက်သိမ်းခဲ့လျင် တည်မြဲခဲ့သောကာလအတွက် အချိုးကျရက်တွက် ပရီမီယံ နှုန်း ( pro rata ) နှင့် တွက်ချက်၍ ပိုငွေပြန်အမ်းမည်။

၆။ ပေါ်လစီတစ်စောင်အတွက် အများဆုံးရနိုင်သော အကျိုးခံစားခွင့်စုစုပေါင်းမှာ အာမခံထားငွေဖြစ်သည်။

၇။ မစွမ်းမသန်ဖြစ်ခြင်းအတွက် အကျိုးခံစားခွင့်ကို အခြားအကျိုးခံစားခွင့်နှင့် ပူးတွဲခံစားခွင့်မရှိ။

၈။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့်စပ်လျဉ်း၍ အာမခံထားသူ/ အကျိုးခံစားခွင့်ရှိသူနှင့် အာမခံလက်ခံသူတို့ သဘောထားကွဲပြားခြားနားမှု ပေါ်ပေါက်ခဲ့လျှင် တစ်ခြားကိစ္စများမပါဝင်ဘဲ ယင်းခြားနားမှု တစ်ခုတည်းအတွက်သာ သဘောထားမတိုက်ဆိုင်သူ ၂ ဦးက စာဖြင့် ရေးသားခန့်အပ်သော အနုညာတခုံ လူကြီး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ ( သို့မဟုတ် ) ၎င်းတို့ ၂ဦးက ခုံလူကြီးတစ်ဦးတည်း ခန့်အပ်ခြင်းကို သဘောမတူလျှင် ဆုံးဖြတ်ရမည့်ကိစ္စနှင့် လုံးဝမသက်ဆိုင်သည့် ခုံလူကြီး ၂ ဦး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ အခြားတစ်ဦးက ခုံလူကြီးခန့်ထားရန် စာရေးအကြောင်းကြားလာလျှင် ကျန်တစ်ဦးက မိမိ၏ခုံလူကြီးအား ပြက္ခဒိန် ၂ လ အတွင်းခန့်ထားရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသည် မိမိ၏ခုံလူကြီးအား ခန့်ထားရန် နို့တစ်စာကို လက်ခံရရှိပြီးနောက် ပြက္ခဒိန် ၂ လ အတွင်း မိမိ၏ခုံလူကြီးအား ငြင်းဆန်လျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ ကျန်သဘောထားမတိုက်ဆိုင်သူက တစ်ဦးတည်းသော ခုံလူကြီးကိုခန့်ထားပိုင်ခွင့်ရှိသည်။ ခုံလူကြီး ၂ ဦးအတွင်းသဘောထားကွဲလွဲလျှင် ဆုံးဖြတ်ရန်ကိစ္စကို မဆောင်ရွက်မီကပင် ၎င်းတို့ ၂ဦးစလုံးက ကြိုတင်စာရေးခန့်ထားသော ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ ဒိုင်လူကြီးသည် ခုံလူကြီးများနှင့် အတူတကွ ရုံးထိုင်ကာ ၎င်းတို့ဆွေးနွေးညှိနှိုင်းခြင်းအပေါ်တွင် သဘာပတိမူရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသေဆုံးခြင်းကြောင့် ခုံလူကြီး၊ ခုံလူကြီးများ ( သို့မဟုတ် ) ဒိုင်လူကြီး၏ အာဏာနှင့် လုပ်ပိုင်ခွင့် အသီးသီးကို မထိခိုက်၊ မပျက်ပြယ်စေရ။ ခုံလူကြီးတစ်ဦး ( သို့ ) ဒိုင်လူကြီး သေဆုံးလျှင် ၎င်းအား ခန့်အပ်ခဲ့သော သဘောထားမတိုက်ဆိုင်သူက လည်းကောင်း၊ ခုံလူကြီးများကလည်းကောင်း၊ ( ဖြစ်ပေါ်သည့်အတိုင်း ) သေဆုံးသူအစား အခြားတစ်ဦးဦးအား အစားထိုးခန့်ထားရမည်။ ဆုံးဖြတ်ရန် ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် ကျသင့်စရိတ်စကမှာ ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့် ခုံလူကြီး၊ ခုံလူကြီးများ၊ ( သို့မဟုတ် ) ဒိုင်လူကြီးက သတ်မှတ်ထားသည့်အတိုင်း ဖြစ်သည်။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားပါက ခုံလူကြီး၊ ခုံလူကြီးများ၊ ( သို့မဟုတ် ) ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို ဦးစွာရရှိပြီးမှသာ ဤပေါ်လစီနှင့်အညီ မည်သည့်ဥပဒေ အကြောင်းအရ ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းကိုမဆို ပြုလုပ်နိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ တရားဥပဒေစွဲဆိုခြင်းကို ဆုံးဖြတ်ချက်ရရှိပြီးနောက် ၁၂ လ အတွင်း မဆောင်ရွက်လျှင် အကျိုးခံစားခွင့်တောင်းခံခြင်းကို လုံးဝစွန့်လွှတ်လိုက်ပြီဟု ယူဆရမည်ဖြစ်ကာ မည်သည့်အကျိုးခံစားခွင့်ကိုမှ မရရှိနိုင်တော့ပါ။

၉။ အဆိုလွှာတွင် ဖြည့်စွက်ချက်များ/ အဖြေစသည်များတိကျမှန်ကန်ခြင်းနှင့် ပေါ်လစီစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းမှာ အကျိုးခံစားခွင့် ပေးချေခြင်းအတွက် အဓိကလိုအပ်ချက်များ ဖြစ်သည်။